# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၁၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၇-၆-၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ကဝမြို့နယ်တွင် အားကစားရုံ တစ်ရုံနှင့် အားကစားကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **တောင်ယမားနှင့် မြောက်ယမားချောင်းမှ ဒေသခံများ နှစ်ရှည်ရာသီသီးနှံများ စီးပွားဖြစ် စိုက်ပျိုးနိုင်ရန်အတွက် ယမားချောင်းများမှ တူးမြောင်းဖောက်လုပ်ပြီး ရေလှောင်ကန်နှင့် ဆည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ရာသီဥတု ပြောင်းလဲမှုနှင့် အပူချိန်မြင့်မားလာမှုတို့ကြောင့် ရေရှားပါးမှုဒဏ် ကြုံတွေ့နိုင်သည့်အတွက် ရာသီဥတုဆိုင်ရာ အမျိုးသားရေး မူဝါဒတစ်ရပ် ရေးဆွဲရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၏ **အခွန်ဦးစီးဌာနမှ ရောင်းချသော စာချုပ်တံဆိပ်ခေါင်းနှင့် ရုံးခွန်တော် တံဆိပ်ခေါင်းများကို အတုပြုလုပ်သော မိတ္တူဆိုင်များ ရှိနေပါသဖြင့် ဖော်ထုတ်အရေးယူပေးရန်နှင့်တံဆိပ်ခေါင်းများ လွယ်ကူစွာဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ ကျွဲပွဲ-အုတ်ဖို ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ညောင်လေးပင်နှင့်ကျောက်တံခါးမြို့နယ်ရှိ ပျက်စီးနေသော ကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၊ ကင်းတဲနှင့် မီးလောင်တောင့်ရွာကြားရှိ ဝါးတံတားကို ကွန်ကရစ်တံတားအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြုလုပ်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **ကျပ် နှစ်သိန်းတန် ဆိုလာမီးတွင်ပါဝင်ရမည့် ပစ္စည်းအရေအတွက်နှင့် အရည်အသွေးကို မည်သို့သတ်မှတ်ထားပါသနည်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော ကျပ် နှစ်သိန်းတန် ဆိုလာမီးနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ကျပ် နှစ်သိန်းတန် ဆိုလာမီး အမျိုးအစား၊ အရည်အသွေး ကွာခြားနေခြင်းမှာ အဘယ်ကြောင့်နည်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သတ္တုတွင်းဝန်ကြီးဌာန က တင်သွင်းသော **“မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။